# မှတ်ပုံတင်ရရှိပြီး မြန်မာနိုင်ငံတွင် အသုံးပြုရန် ပြည်ပမှတင်သွင်းမည့် ပိုးသတ်ဆေးများအား စိစစ်၍ တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးခြင်း

| | |
|---|---|
| တင်ပြရန်လိုအပ်သည့်အထောက်အထားများ | (၁) တင်သွင်းခွင့် လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ လိုအပ်သော အောက်ဖော်ပြပါ အချက်အလက်များအား ပူးတွဲ တင်ပြရန်လိုအပ်ပါသည်။<br>(၁-၁) ပိုးသတ်ဆေးမှတ်ပုံတင်မိတ္တူ<br>(၁-၂) ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိပစ္စည်း ကိုင်တွယ် ထိန်းသိမ်းမည့်သူများ၏ အမည်နှင့် လက်မှတ်ရ ပိုးသတ်ဆေး သုံးစွဲသူ အသိအမှတ်ပြုကဒ်ပြားနှင့် ထုတ်ပေးသည့်ရက်စွဲ<br>(၁-၃) မြန်မာအညွှန်းစာ<br>(၁-၄) ကုန်ပို့လွှာ<br>(၁-၅) ပြန်လည်ထုတ်ပိုးမည့် အရွယ်အစားများအတွက် ပြန်လည် ထုတ်ပိုးရောင်းချခွင့်လိုင်စင်မိတ္တူ<br>(၁-၆) ထုတ်လုပ်သူမှတင်ပို့မှု/ တဆင့်တင်ပို့မှုအတွက် သဘောတူညီချက်<br>(၁-၇) လက်လီလက်ကားရောင်းချခွင့် လိုင်စင်မိတ္တူ<br>(၁-၈) ပိုးသတ်ဆေးအရည်အသွေး ဓာတ်ခွဲစစ်ဆေးခ ပေးသွင်းပြီးကြောင်း ပြေစာမူရင်း<br>(၁-၉) Technical Grade တင်သွင်းရန်အတွက် ဖော်စပ်ထုတ် လုပ်ခွင့်လိုင်စင်မိတ္တူ<br>(၁-၁၀) ကိုယ်စားဆောင်ရွက်လျှင် ကုမ္ပဏီ၏ကိုယ်စားလှယ် လွှဲစာနှင့် မှတ်ပုံတင်မိတ္တူ<br>(၁-၁၁) တင်သွင်းသည့် ကုမ္ပဏီ၏ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ<br>(၁-၁၂) ကုန်သွယ်ရေးဦးစီးဌာန၏ Exporter and Importer Registration မိတ္တူ<br>(၁-၁၃) ထုတ်ပိုးမှုအရွယ်အစား ၁၀၀စီစီ/ဂရမ်ထက် သေးငယ်ပါက လက်ကမ်းစာစောင်ခိုင်မြဲစွာ ပူးတွဲထားခြင်း (သို့) အညွှန်းစာ ရှင်းလင်းပြတ်သားစွာ မြင်နိုင်သော ထုတ်ပိုးမှု နမူနာပုံစံ |
| လုပ်ငန်းစဉ်အဆင့် | (၁) တင်သွင်းသူမှ လျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ ပူးတွဲလျှောက်ထား တင်ပြရန် လိုအပ်သော အချက်အလက်များအား စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ စိစစ်ခြင်း။<br>(၂) ပိုးသတ်ဆေး အရည်အသွေး ဓာတ်ခွဲစစ်ဆေးခအား မြန်မာ့စီးပွားရေးဘဏ်၊ စိုက်ပျိုးရေးဦးစီးဌာန၊သီးနှံကာကွယ်ရေးဌာနခွဲ၏စာရင်းအမှတ် MD.013156 သို့ ပေးသွင်းရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး ဌာနခွဲမှ ငွေသွင်းစာထုတ်ပေးခြင်း။<br>(၃) အရည်အသွေး ဓာတ်ခွဲစစ်ဆေးခပေးသွင်းပြီးကြောင်း ငွေသွင်းပြေစာမူရင်းအား တင်သွင်းသူမှ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ ပေးပို့ခြင်း။<br>(၄) ပိုးသတ်ဆေး တင်သွင်းခွင့် ထောက်ခံချက်အား ကုန်သွယ်ရေးဦးစီးဌာန၏ Myanmar Tradenet 2.0 Online စနစ်ဖြင့် (၅.၁.၂၀၂၁) ရက်နေ့မှ စတင်၍ |

| | |
|---|---|
| | ထုတ်ပေးခြင်း။ |
| ဝန်ဆောင်ခ | ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးခ- တင်သွင်းမည့် ပိုးသတ်ဆေး ပမာဏ(၂၀) မက်ထရစ်တန်လျှင် (၃၀၀၀၀၀) ကျပ်နှုန်း |
| ကြာမြင့်ချိန် | ရုံးဖွင့်ရက်- (၃-၄)ရက် |
| လျှောက်ထားရမည့်နေရာ | တင်သွင်းခွင့် လျှောက်လွှာအား တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်သို့ လိပ်မူ၍ လျှောက်ထားရမည်။ |
| အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့် | တွဲဖက်အတွင်းရေးမှူး(ကိုယ်စား)လက်ထောက်ညွှန်ကြားရေးမှူး |

**ပြည်ပမှ တင်သွင်းရောက်ရှိလာသော ပိုးသတ်ဆေးများအား အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ချိတ်ဆက်ပြီး ကုန်ပစ္စည်းများရောက်ရှိချိန်တွင် စိစစ်စစ်ဆေး၍ ကိုက်ညီမှုရှိပါက တင်သွင်းခွင့်ပြုခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်သည့်အထောက်အထားများ | (၁) တင်သွင်းခွင့် ထောက်ခံချက်ရရှိထားသော ပိုးသတ်ဆေးများ ပြည်ပမှ တင်သွင်းရောက်ရှိလာသောအခါ လိုအပ်သော အောက်ဖော်ပြပါ အချက်အလက်များအား ပူးတွဲလျှောက်ထားရန်လိုအပ်ပါသည်။<br>(၁-၁) OGA application form<br>(၁-၂) Custom Declaration form<br>(၁-၃) Bill of Lading<br>(၁-၄) ထုတ်ပိုးမှုစာရင်း ၊ ကုန်ပို့လွှာ<br>(၁-၅) ပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက်<br>(၁-၆) ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင်<br>(၁-၇) ပူးတွဲတင်ပြရမည့်ဓာတ်ပုံများ (ကုန်သေတ္တာ၊ ထုတ်ပိုးမှု ပုံစံ)<br>(၁-၈) အရည်အသွေးစစ်ဆေးရန် ကိုယ်စားပြုနမူနာ<br>(၁-၉) ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့်လိုင်စင် |
| လုပ်ငန်းစဉ်အဆင့် | (၁) ပိုးသတ်ဆေးများ တင်သွင်းရောက်ရှိချိန်တွင် ကုန်ပစ္စည်းများ ဆိပ်ကမ်းမှ မထုတ်ယူမီ ကုန်တင်သွင်းသူသည် စစ်ဆေးမှုခံယူရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ ကြိုတင်ဆက်သွယ်အကြောင်းကြားခြင်း<br>(၂) စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ကိုယ်စား ပြုနမူနာရယူမည့် ပုံစံနှင့် ပတ်သက်၍ ပြန်လည်အကြောင်းကြားခြင်း<br>(၃) ကိုယ်စားပြု နမူနာနှင့်အတူ ပူးတွဲလျှောက်ထား တင်ပြသော အချက်အလက်များအား ပိုးသတ်ဆေးတင်သွင်းခွင့် ထောက်ခံချက်နှင့်အညီ ကိုက်ညီမှု ရှိ/မရှိ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ စိစစ်ခြင်း<br>(၄) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးခြင်း<br>(၅) ကိုက်ညီမှုရှိပါက တင်သွင်းခွင့်ပြုရန် အကောက်ခွန်ဦးစီးဌာန၊ Myanmar |

| | |
|---|---|
| | Automated Cargo Clearance System ဖြင့် ချိတ်ဆက်၍After Release Order စနစ်ဖြင့် (၉.၁၀.၂၀၂၀)ရက်နေ့မှစတင်၍ OGAApproval ထုတ်ပေးခြင်း။ |
| ဝန်ဆောင်ခ | - |
| ကြာမြင့်ချိန် | ရုံးဖွင့်ရက်-(၃-၅)ရက် |
| လျှောက်ထားရမည့်နေရာ | ပိုးသတ်ဆေးများ ပြည်ပမှ တင်သွင်းရောက်ရှိလာသောအခါ တင်သွင်းခွင့်ပြုရန် လျှောက်ထားမှုအား တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်သို့ လိပ်မူ၍ လျှောက်ထားရမည်။ |
| အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့် | ညွှန်ကြားရေးမှူး(ကိုယ်စား)<br>လက်ထောက်ညွှန်ကြားရေးမှူး |